ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်၊ စနေနေ့၊ (16-8-2008) (၅၇၇၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၈)ကို ၂၀၀၈ ခုနှစ် ဩဂုတ် ၁၅ ရက် ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည်။

အဆိုပါ ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၅/၂၀၀၈)
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဆိပ်ကမ်းများအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၆)တွင်ပါရှိသော "British" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၁က)၊ ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(3)If any person disobeys any rule made under clause (p) of sub-section (1), he shall be punishable for every such offence with fine not exceeding one hundred thousand kyats."

၄။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (၂)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(2) If any person wilfully and without lawful excuse refuses or neglects to obey any lawful direction of the conservator, after notice thereof has been given to him, he shall, for every such offence, be punishable with fine not exceeding ten thousand kyats, and in the case of a continuing offence with a further fine not exceeding ten thousand kyats for every day during which, after such notice as aforesaid, he is proved to have wilfully and without lawful excuse continued to disobey the direction."

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻



ဥယျာဉ်ခြံ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ပေါင်မြို့နယ် မုတ္တမမြို့ ကျုံကကျေးရွာရှိ ကျုံကဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်ဆိုသည့် အားသုံးအားဖြင့် ဆောင်ရွက်ခဲ့ကြ၍ ယခုအခါ နိုင်ငံအနှံ့အပြား ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေ ဆက်လက်ပြီး တက်ညီလက်ညီ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်

နေပြည်တော် ဩဂုတ် ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် သံလွင်တံတား (မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ် မုတ္တမမြို့ ကျုံကကျေးရွာရှိ ကျုံကဥယျာဉ်ခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျုံကဥယျာဉ်ခြံမန်နေဂျာ ဦးမြင့်အောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းနိုင်နှင့် မွန်ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်အောင်ဝင်းတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကျုံကဥယျာဉ်ခြံအတွင်း မင်းကွတ်ပင်ကို စိုက်ပျိုးပေးပြီး မင်းကွတ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ စပျစ် စမ်းသပ်စိုက်ခင်းနှင့် ဒူးရင်းပျိုးပင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဒေသ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ ဒေသအလိုက် လိုအပ်ချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများက တင်ပြကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်ဆိုသည့် အားသုံးအားဖြင့် ဆောင်ရွက်ခဲ့ကြ၍ ယခုအခါ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

ကြေးမုံ The Mirror
၁၆-၈-၂၀၀၈
(စနေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးဆက်လက်ကြိုးပမ်း

တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့သည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံ လိုအပ်ချက်များဖြစ်သည်။ နိုင်ငံတော်အစိုးရက အဆိုပါ အခြေခံလိုအပ်ချက်များ တိုးတက်ကောင်းမွန်စေရေးအတွက် အဘက်ဘက်က ဖြည့်ဆည်းရင်း နိုင်ငံကို ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထို့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားပြီး ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်ရေးအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများစွာကို ကြိုးပမ်းတည်ဆောက်ပေးနေသည်မှာ မျက်မြင်လက်တွေ့ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်း ၂၁၃ ခု၊ ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၃၅ စင်းတို့ကို တည်ဆောက်ပေးထားပြီး အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်သွားလာ၍ရသည့် လမ်းကွန်ရက်စနစ်လည်း ဖြစ်ပေါ်နေပြီဖြစ်ရာ လယ်ယာစိုက်ပျိုးရေး၊ ကုန်သန်းဆက်သွယ်သွားလာရေးများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစီမံကိန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကဏ္ဍအလိုက် အောင်မြင်မှုများရရှိနေသည်။ ပြည်သူများအားလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်သစ်နှင့် လျော်ညီသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာမှုနှင့်အတူ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည်လည်း ပိုမိုကျယ်ပြန့်ဖြစ်ထွန်းနေပြီဖြစ်ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၆)လမ်းနေ ကျောင်းဒါယကာ ဦးကျော်ဝင်း ကျောင်းဒါယိကာမ ဒေါ်ဘေဘီဝင်းမိသားစုတို့က ကျေးဇူးရှင်မိဘနှစ်ပါးအား အမှူးထား၍ အလှူငွေကျပ် လေးသိန်းကို လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ကျိုက္ကစံဆံတော်ရှင် စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ကြီး ဘက်စုံပြန်လည်မွမ်းမံရန်အတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးတင်ဝင်းအားရည်စူး၍ ရေကျော် လိပ်ကန်လမ်းနေ ဇနီးဒေါ်ခင်စန်းမြင့်၊ သား မောင်ဇော်ဝင်းသိန်း၊ သမီး မခိုင်ခင်ထွန်း မိသားစုတို့က ငွေကျပ် ခုနစ်သိန်းတန် ရွှေခေါင်းလောင်း တစ်လုံးကို ဇူလိုင် ၂၇ ရက်က ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် သြဂုတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယား၏ ဖိတ်ကြားချက်အရ သြဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် သြဂုတ် ၁၃ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာသည်။

တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား ဘုရင့်နန်းတော်၌ သွားရောက်တွေ့ဆုံစဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာအား ဘုရင့်နန်းတော်သို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံခဲ့ရာ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး သူရဦးသက်ဦးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်မော်မော်နှင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမှ သံမှူး ဦးမိုးကျော်အောင်၊ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး (၂) Pehin Orang Kaya Pekerma Dewa Dato Seri Setia Awang Lim Jock Seng၊ ဝန်ကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် Dato Paduka Hj Mustappa bin Haji Sirat နှင့် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Datin Paduka Hjh Maimunah binti Dato Paduka Hj Elias တို့ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၁၂ ရက်တွင် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး သူရဦးသက်ဦးမောင်လိုက်ပါလျက် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မင်းသား မိုဟာမက် ဘိုလ်ကီးယားအား သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်သဘောပေါက်မှုတို့ကို အခြေခံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရေးစသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည့်အပြင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာကိစ္စများတွင်လည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယားက ဝန်ကြီးဦးဉာဏ်ဝင်းအား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ Her Royal Highness Princess Hajh Masna (Ambassador - at-Large)နှင့်နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂) Pehin Orang Kaya Pekerma Dewa Dato Seri Setia Awang Lim Jock Sengတို့ တက်ရောက်ကြသည်။

ညပိုင်းတွင် ဝန်ကြီးသည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

B.E နှင့် ဗိသုကာဘွဲ့ရကျောင်းသားဟောင်းများ၏ ပညာရည်ထူးချွန် သား၊ သမီးများအား ဆုနှင်းမည်

ရန်ကုန် သြဂုတ် ၁၅

၁၉၈၂ခုနှစ်မှ ၁၉၈၇ခုနှစ်အတွင်း ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E နှင့် ဗိသုကာဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်း ရောင်းရင်းများက နှစ်စဉ်ကျင်းပမြဲဖြစ်သည့်မိမိတို့၏တက္ကသိုလ်ဝင်တန်းအောင် သား၊ သမီးများအား ၂၀၀၈ ခုနှစ်အတွက် ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲကို စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBCခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိရာ အသေးစိတ်သိရှိလိုပါက ဦးမျိုးနိုင် ဖုန်း-၀၉၅၁၄၄၂၂၄၊ ၇၀၅၆၂၂၊ ဦးဌေးဝင်း ဖုန်း-၀၉ ၅၁၂၀၁၄၈၊ ၆၄၄၉၀၃၊ ဦးအေးကို ဖုန်း-၀၉ ၅၁၀၈၅၆၃၊ ဦးအောင်ကြည်စိုး (MDY) ဖုန်း-၀၉ ၂၀၀၃၅၇၂၊ ဒေါ်မြမြဝင်း ဖုန်း-၀၉ ၅၁၀၂၃၇၃၊ ၆၈၇၅၆၉၊ ဒေါ်မြင့်မြင့်ချို ဖုန်း-၀၉ ၅၁၄၈၄၇၈၊ ၅၄၈၃၄၀၊ ဒေါ်သင်းသင်းဆွေ ဖုန်း-၀၉ ၅၁၅၃၆၆၅၊ မသန္တာအုန်း ဖုန်း-၆၄၂၀၅၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ် (၉၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် သြဂုတ် ၁၅

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ်အမှတ်(၉၃)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ လွန်ခဲ့သော ၆၂ နှစ်က ဖတ်စာအုပ်တစ်အုပ်၊ မြင်းမူမောင်နိုင်မိုး၏ ပြည့်စုံခြင်း၊ ဂုဏ်ရည်၊ မိတ်ဆွေနှင့်ရန်သူ၊ နီမင်းဆွေ၏ နတ်မိမယ်ရှိတဲ့ ကမ္ဘာ၊ ကိုကိုလှိုင်၏ရုရှားနှင့် ဂျော်ဂျီယာတို့တိုက်ကြပြီ၊ အာရှမိုး၏ အာဆီယံရဲ့မိတ်ဆွေနိုင်ငံဖြစ်လာတဲ့ မြောက်ကိုရီးယား၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့ လမ်း/ရပ်ကွက်နဲ့ ပန်းခြံများ(၁)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အပိုင်း(၁)၊ တက္ကစီမင်း၏ စက္ကတရီ၊ ရန်ပုံငွေအလှူပွဲအတွက် မြဝတီမြို့သို့ သွားရောက်ဖျော်ဖြေခဲ့သော အနုပညာရှင်များနှင့် တွေ့ဆုံခြင်း၊ ဆေးဖက်ဝင်သည့် နိုနီ(ခေါ်)ရဲယိုရည်များ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းလျက်ရှိ၊ မော်ရီတေးနီးယားနိုင်ငံ၌ အာဏာသိမ်းမှုဖြစ်ပွား၊ ဂျီ-၈ နိုင်ငံများထဲက အမျိုးသမီးဝန်ကြီးများ ခန့်ထားရေး ဦးစားပေးလာတဲ့ ဂျပန်၊ အသရေဖျက်မှုနဲ့ တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းရတော့မည့် ချန်ရွှေပြန်း၊ ကွန်ပျူတာချွတ်ယွင်းမှုကြောင့် နယူးယောက်လေဆိပ် ရုတ်ရုတ်သဲသဲဖြစ်ခဲ့၊ ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၉၅၊ ၉၆)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၂၁၊ ၂၂)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၂၂၊ ၂၃)စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပို့ပေးရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃ စောင် ငွေကျပ် ၅၈၅၀၊ခြောက်လ-၂၆ စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ်(၃၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၅

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဩဂုတ် ၁၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ခန်းမဆောင်၌ ကျင်းပသည့် စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေကကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်း ၅၀၊ ငွေကျပ်သိန်း ၃၀တန်ဖိုးရှိမျက်စိခွဲစိတ်ကုသမှု ကိရိယာ Portable Microscope တစ်စုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုရန် ဘိလပ်မြေအိတ် ၅၅၀ကို ပေးအပ်ရာ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက လက်ခံသည်။

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၅၀ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပေးအပ်စဉ်။ (ပို့ဆောင်ရေး)

ထို့နောက်စစ်တွေမြို့နယ် ကျောင်းကြီးလမ်း အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန် ငွေကျပ် ၃၆၇သိန်းကို အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသန်းမြင့်က ပေးအပ်ရာပြည်နယ်ပညာရေးမှူး(စီမံ)ဦးသန်းဌေးကလည်းကောင်း၊ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးကကျောင်းသုံးဗလာစာအုပ်နှင့် ဂျာနယ်၊ မဂ္ဂဇင်းများ၊ အဝတ်အထည်များကို ပေးအပ်ရာ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးဦးကျော်ရင်ကလည်းကောင်း လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

လေဘေးသင့် ဒေသများသို့ ပညာရေးအလှူဒါနပြု

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စံပြသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ (ရန်ကုန်တိုင်းသံဃနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်)၏ စီစဉ်ဆောင်ရွက်မှုဖြင့် လောကတ္ထစရိယ ဖောင်ဒေးရှင်းမှ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းအတွင်းရှိလေဘေးသင့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများသို့ ပညာရေးအလှူဒါနများကို ဇူလိုင်နှင့် ဩဂုတ်လများတွင် ကျင်းပခဲ့ရာ ဧရာဝတီတိုင်း အမာမြို့နယ် နောက်မီးကျေးရွာသာသနာ့ပါလ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဒေးဒရဲမြို့နယ် ပန်ကဒါတ်ကျေးရွာ၊ ဇလပ်ကုန်းကျေးရွာ၊ မြင်းကကုန်းကျေးရွာမူလတန်းကျောင်းများ၊ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀) ရပ်ကွက် ဓမ္မာစရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၃)ရပ်ကွက်၊ အေးရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ အောင်ဇမ္ဗူကျော်ရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူ ၂၆၉၃ ဦး တို့အား စုစုပေါင်း ငွေကျပ် သိန်း ၄၀၀ ကျော်တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းမျိုးစုံတို့ကို လက်ဝယ်အရောက် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ **(ဓါပုံ)**

အဆိုပါလေဘေးသင့် ဘုန်းတော်ကြီး ကျောင်းများသို့ လှူဒါန်းနိုင်ရန် လိုအပ်သော ပဋ္ဌာန်းဒေသနာတော်ကျမ်းစာအုပ် ငါးအုပ်တွဲ တစ်တွဲလျှင် ငွေကျပ် ၁၇၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြပြီး လေဘေးသင့်ဒေသများမှ အလှူခံယူလိုသည့် ကျောင်းတိုက်ဆရာတော်များကလည်း စံပြသာသနာပြုကျောင်းတိုက် ဖုန်း-၆၆၃၀၉၂ နှင့် ၀၉-၅၀၆၃၁၃၁ တို့သို့ ဆက်သွယ်၍ အလှူခံ စာရင်းများ ပေးသွင်းနိုင်ကြောင်းသိရသည်။ (၅၀၆)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော မျိုးပွားအင်္ဂါဆိုင်ရာ ရောဂါများ စောစီးစွာ ရှာဖွေဖော်ထုတ်ကုသပေးနိုင်ရန် အသိပညာပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၂ရက်တွင် ရန်ကုန် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်တင်မူက ပေးအပ်သည့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၀၀၀ ကို လက်ခံသည်။ **(ဓါပုံ)**

ထို့နောက် အလှူရှင် ၁၉ ဦးတို့က အလှူငွေကျပ် ၂၄ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးဒေါက်တာ ဦးအောင်ဝင်းတို့က လက်ခံကြသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှတွဲဖက်ပါမောက္ခ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည်ညွန့်က အမျိုးသမီးများတွင်ဖြစ်ပွားတတ်သော မျိုးပွားအင်္ဂါဆိုင်ရာရောဂါများအကြောင်း ပညာပေးဟောပြောပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ရောဂါများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ရောဂါကုသမှုခံယူသူ လူနာများအား လှည့်လည်ကြည့်ရှု အားပေးကြကာထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာလမ်းနေ ဒေါ်စိန်စိန်မာမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (ကြေးမုံ)

ဟင်္သာတခရိုင် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

၂၀၀၈-၂၀၀၉ ခုနှစ် ဟင်္သာတခရိုင် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ခရိုင်အဆင့် ခြောက်မြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် ဟင်္သာတမြို့ ကုန်ကြီးကျေးရွာအုပ်စု တံခွန်တိုင်မျိုးပွားခြံ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဝင်းမြင့်က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ဇလွန်မြို့နယ် ကောက်စိုက်လုံမေအဖွဲ့အား ဆုဖလားနှင့် ငွေကျပ် ၁၅၀၀၀၀ကို ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဟင်္သာတမြို့နယ် ကောက်စိုက်လုံမေအဖွဲ့အား ခရိုင်ဒုတိယရဲမှူးကြီးမြင့်ဆွေက ဆုဖလားနှင့် ငွေကျပ် ၁၂၀၀၀၀ကိုလည်းကောင်း၊တတိယဆုရရှိသည့်လေးမျက်နှာမြို့နယ်ကောက်စိုက်လုံမေအဖွဲ့အား ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမြင့်က ဆုဖလားနှင့် ငွေကျပ် ၁၀၀၀၀၀ကိုလည်းကောင်း၊ အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်မြို့နယ် ကောက်စိုက်လုံမေအဖွဲ့များအား ပြိုင်ပွဲဝင်ဆုများကို ခရိုင်ဂုန်လျှော်မန်နေဂျာ ဦးရဲမြင့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးသိန်းဦးနှင့် တာဝန်ရှိသူများက ငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်ကြသည်။ ဟင်္သာတခရိုင်၌ မိုးစပါးရေတော်မိုးတော် ၄၃၀၃၂၆ ဧကရှိရာ ယနေ့ ထွန်တုံးပိတ်အပြီးသတ် စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သည့်Wheel Chair များ လှူဒါန်းခြင်းနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သည့် Wheel Chair များ လှူဒါန်းခြင်းနှင့် အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ယနေ့နံနက် ၉ နာရီတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး ခရိုင်လေးခရိုင်အတွင်းရှိ ဆေးရုံများနှင့် ဘုရားများသို့ Wheel Chair များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်က 'အဝလွန်ရောဂါ'နှင့် ဆက်စပ်နေသော ရောဂါများအကြောင်း ဆွေးနွေးဟောပြောပြီး နာယက ဒေါ်ကြင်မြိုင်ကဒေါက်တာဒေါ်လေးခိုင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သော Wheel Chair များ လှူဒါန်းခြင်းနှင့် အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်တိုင်းအတွင်း ခရိုင်လေးခရိုင်မှ ဆေးရုံများနှင့် ဘုရားများအတွက် Wheel Chair များ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းဆွေးနွေးပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ရုံးချုပ်၊ ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ စက်ရုံများကို စစ်ဆေးရမည်ဖြစ်ရာ စစ်ဆေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ရန်နှင့် စစ်ဆေးရေးတာဝန်ထမ်းဆောင်နေစဉ်အတွင်း ကိုယ်ကျင့်တရားထိန်းသိမ်းရန်အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရား ကင်းရှင်းစွာဖြင့် မိမိတို့၏တာဝန်ကို ကျေပွန်အောင် အစဉ်တစိုက် ထမ်းဆောင်သွားရန် မှာကြားသည်။

ထို့နောက် စာရင်းစစ်ချုပ်က ပြည်နယ်/တိုင်း စာရင်းရုံးများမှ ဝန်ထမ်းသားသမီးများအား ပညာရည်ထူးချွန်ဆုကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများသို့ပေးအပ်ပြီး ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြကာ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်ဝန်ထမ်းများ သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

မေတ္တာအခါတော်နေ့ အကြို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၃၀ တို့သည် ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက် ကုသနေသော လူနာများအတွက် စုပေါင်း သွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရောဂါဗေဒဌာန - ဌာနမှူး ဒုတိယ ဗိုလ်မှူးကြီး ဒေါ်ခင်မိုးကြွယ်က သွေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သွေးအိတ်နှင့်သွေးပိုက်များကို ဒုတိယ ဗိုလ်မှူးကြီး ဒေါ်ခင်မိုးကြွယ်ထံ ပေးအပ်လှူဒါန်းပြီး သွေးလှူရှင်များအား လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ အမှတ် (၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)တွင် ဆေးရုံတက်ရောက် ကုသနေသော လူနာများအတွက် စုပေါင်း သွေးလှူဒါန်းကြစဉ်။

(ဘဏ္ဍာ/အခွန်)

အလက(၃)နေပြည်တော် အာဟာရတိုက်ကျွေး

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ ကျောင်း ကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ယနေ့တွင် ကြက်သားဆန်ပြုတ် အာဟာရ တိုက်ကျွေးရာ ကျောင်းအကျိုးတော်ဆောင် မိသားစုများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀၀ ကျော်တို့အားအာဟာရဒါနပြုတိုက်ကျွေးပြီး ခရိုင်ပညာရေးမှူး ဦးလှထူး၊ကျောင်းအုပ်ကြီး ဦးဝင်းဇော်နှင့် ဆရာ၊ ဆရာမများကလိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဆိုင်ရာ ဟောပြောခြင်း၊ အာဟာရအုပ်စုများကို သရုပ်ပြရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်းများကို ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်ထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ လူမှုဝန်ထမ်းအနိုင်ရ၊ ကာကွယ်ရေးနှင့် သတ္တုတွင်းသရေကျ

နေပြည်တော် ဩဂုတ် ၁၅

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (စ)အုပ်စုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ရှေ့နေချုပ်ရုံး အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (စ)အုပ်စုတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

ပြိုင်ပွဲသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်နှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ အားပေးကြည့်ရှုကြသည်။

၁၆-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(ဆ)အုပ်စု

ဆက်သွယ်ရေး စာတိုက်နှင့် သိပ္ပံ/နည်းပညာ

(ပေါင်းလောင်းကွင်း)

(ဆ)အုပ်စု

နိုင်ငံခြားရေး နှင့် ဟိုတယ်/ခရီး

(၁၀၇)

အသင်းကြီးများ တာထွက်ကောင်းနိုင်သည့် ပရီမီယာလိဂ် ရာသီအဖွင့်ပွဲစဉ်(၁)(ဩဂုတ် ၁၆၊ ၁၇)

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များကို ယနေ့ ဩဂုတ် ၁၆ (စနေနေ့)နဲ့ ဩဂုတ် ၁၇ (တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ရာသီသစ်မစတင်မီမှာ အသင်းတိုင်းဟာ ကြိုတင်ပြင်ဆင်မှုတွေနဲ့အတူ လူအပြောင်းအလဲတွေလုပ်ပြီး ခြေစမ်းပွဲတွေ ကစားရင်း ခြေသွေး၊ လူစမ်းခဲ့ကြပါတယ်။ ကစားသမားအပြောင်းအလဲ၊ နည်းပြအပြောင်းအလဲတွေကြောင့် ပရီမီယာလိဂ်ဟာ အသွင်သစ်အမြင်သစ်တွေနဲ့အတူ အသင်းများရဲ့ ပြိုင်ဆိုင်မှုဟာလည်း ရာသီအစကတည်းကပင် ပြင်းထန်ဦးမှာပါ။

တာထွက်ကောင်းနိုင်

နှစ်နှစ်ဆက်တိုက် ဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့ အာဆင်နယ်ဟာ ဒီအဖွင့်ပွဲစဉ်မှာ တန်းတက်ဝက်စ်ဘရွန်းနဲ့

ကစားရမှာဖြစ်တာကြောင့် အိမ်ကွင်းမှာ သုံးမှတ်အပြည့်နဲ့ တာထွက်ကောင်းဖို့ သေချာနေပါတယ်။ ဒီပွဲမှာ အဓိကစောင့်ကြည့်ရမယ့် ကစားသမားကတော့ အာဆင်နယ်ရဲ့ မျက်နှာသစ်ကစားသမား နာဆရီပါပဲ။ လက်ရှိချန်ပီယံ မန်ယူကတော့ နယူးကာဆယ်ကို အိမ်ကွင်းမှာဧည့်ခံကစားရမှာပါ။ ဒဏ်ရာရကစားသမားတွေများနေတဲ့ မန်ယူအတွက်တော့ ခက်ခဲမှုတစ်ခုပါ။ ဒါပေမယ့် စိတ်ဓာတ်ကောင်းတဲ့ ကစားသမားတွေကြောင့် အခက်အခဲကြားကနေ မန်ယူကပ်နိုင်ခြေရှိပါတယ်။ စောင့်ကြည့်ရမယ့် ကစားသမားကတော့ တီဗက်ဇ်ပါ။

နည်းပြသစ်ဖြစ်တဲ့ ဘရာဇီးသားကြီး စကိုလာရီကိုင်တွယ်တဲ့ ချယ်လ်ဆီးကတော့ အိမ်ကွင်းမှာ ပို့စ်မောက်နဲ့ ကစားရမှာပါ။ လူဟောင်းတွေနဲ့ သာပွဲထွက်လာမယ့် ချယ်လ်ဆီးတို့ရဲ့ အနိုင်ပွဲဖြစ်မှာကိုတော့သံသယဖြစ်ဖွယ်ရာမရှိပါဘူး။ စောင့်ကြည့်ရမယ့်ကစားသမားက ချယ်လ်ဆီးက ဒေကိုပါ။

ထိပ်သီးအသင်းကြီး ထဲက တစ်သင်းဖြစ်တဲ့ လီဗာပူးဟာ ဆန်းဒါးလန်းကို အဝေးကွင်းမှာ သွားရောက်ကစားရမှာပါ။ လီဗာပူးမှာ ဂျရတ်ပါဝင်ဖို့ မသေချာပေမယ့် တောရက်စ်နဲ့ ရော်ဘီကိန်းတို့ဟာ တိုက်စစ်ကောင်းပြီး ဂိုးသွင်းသေချာတာကြောင့် ဧည့်သည် လီဗာပူးပရိသတ်တို့ ပျော်ရွှင်ရမှာပါ။ စောင့်ကြည့်ရမယ့် ကစားသမားကတော့ ရော်ဘီကိန်းပါ။

ပရီမီယာလိဂ်ပွဲစဉ် (၁) ကစားမယ့်ပွဲစဉ်များက ဩဂုတ်၁၆ ရက်(စနေနေ့)မှာ အာဆင်နယ်နဲ့ ဝက်စ်ဘရွန်း၊ ဗီလာနဲ့ မန်စီးတီး၊ ဘော်လ်တန်နဲ့ စတုတ်စီးတီး၊ အဲဗာတန်နဲ့ ဘလက်ဘန်း၊ ဟူးလ်စီးတီးနဲ့ ဖူလ်ဟမ်၊ မစ်ဒယ်ဘရောနဲ့ စပါး၊ ဝက်စ်ဟမ်းနဲ့ ဝီဂန်၊ ဆန်းဒါးလန်းနဲ့ လီဗာပူးတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဩဂုတ် ၁၇ ရက်(တနင်္ဂနွေနေ့)မှာ ချယ်လ်ဆီးနဲ့ ပို့စ်မောက်၊ မန်ယူနဲ့ နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ဝင်းတင်(ကြေးမုံ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၁၅

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

ယင်းနောက် ခရိုင်ပညာရေးမှူးက ၂၀၀၈ ခုနှစ်အတွက် ဗန်းမော်ခရိုင် တစ်ခုလုံး၏ အောင်ချက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်၍ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းက ဆရာ၊ ဆရာမ များအတွက် ဂုဏ်ပြုငွေများ ပေးအပ် ချီးမြှင့်သည်။ ထို့နောက် ဗန်းမော် မြို့နယ် အခြေခံပညာကျောင်းများမှ အသင်းဝင် အဆိုပြုလွှာအစောင် ၁၆၇၀ ကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်အောင်က ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူး ဦးရားဝမ်ဂျူး က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးက ဗန်းမော် မြို့နယ် မံမလင်း အခြေခံပညာ အထက်တန်းကျောင်းနှင့် သပြေကုန်း တွဲဖက် အလယ်တန်းကျောင်း တို့သို့ သွပ်အချပ် ၁၀၀နှင့် ဘိလပ်မြေ အိတ်၁၀၀စီကို စင့်ကင်အခြေခံပညာ အလယ်တန်းကျောင်းသို့ ကွန်ပျူတာ တစ်စုံ ပေးအပ်လှူဒါန်းသည်။ ဗန်းမော်ခရိုင် တစ်ခုလုံးအတွက် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်းမှာ ၃၂ ဒသမ ၅၈ ရာခိုင်နှုန်းရှိပြီး ငါးဘာသာ ဂုဏ်ထူး ရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၅၅ ဦး စုစုပေါင်း အောင်မြင်သူ ၁၇၀၃ ဦးရှိကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့်ဗဟိုအတွင်းရေးမှူး သည် ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်အလုပ်အမှုဆောင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဝန်ကြီး သည် ဗန်းမော်မြို့ အော်တိုအိတ်ချိန်း သို့သွားရောက်ပြီး အဝေးဆက်သွယ်မှု လိုင်းများ ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး D-Amps ဆယ်လူလာ စနစ် စက်ခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိဘများအား ဦးထိပ်ထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းနေ ဒေါက်တာ ဦးတင်ဦး၊ ဒေါက်တာ ခင်ဘုန်းဦး၊ သားကြီး ရွှေဘော်ဦး(ခ) ခင်စန်းဝင်း၊ သားငယ် သန့်ဘော်ဦး(ခ) ခိုင်မျိုးအောင်၊ မြေး ခင်နန္ဒာဦး၊ စည်သူဦး၊ တင်ထူးဇော်၊ မင်းခန့်ဘော်ဦး၊ ရှင်းသန့်ခိုင်ဦး မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကစရ ဆရာတော်ကြီး၏ တိပိဋကကျောင်း တိုးချဲ့ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သိန်း၂၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သတ္တမ အကြိမ်မြောက် ဝါတွင်းစုပေါင်း သွေးလှူဒါန်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်ဆောင်အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် သွေးလှူရှင်သံဃာတော်၊ သီလရှင်နှင့်လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်က သွေးလှူရှင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးပိုလေးက သွေးလှူဒါန်းရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြား၍ သွေးလှူဒါန်းသူများကိုယ်စား သွေးလှူရှင်ဦးမောင်ရွှင်က သွေးလှူဒါန်းရခြင်းအတွက် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် သွေးလှူရှင် သံဃာတော် ၁၃ ပါး၊ သီလရှင် ငါးပါးနှင့် ဆေးရုံဝန်ထမ်း ၁၃ဦးအပါအဝင် လူပုဂ္ဂိုလ် ၁၀၆ ဦးတို့က သွေးလှူဒါန်းကြရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်နှင့်အဖွဲ့က လက်ခံရယူကြောင်း သိရသည်။

(ကြေးမုံ)

ပျူခေတ် လူ့အသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံပန္နက်များတူးဖော်တွေ့ရှိ

နေပြည်တော် ဩဂုတ် ၁၅

ယဉ်ကျေးမှုဝန်ကြီးဌာနသည် လူမှုရေးဦးတည်ချက်(၄)ရပ်အနက်"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသော ဦးတည်ချက်ဖြင့် ရှေးပျူလူမျိုးတို့၏ ယဉ်ကျေးမှုအထောက်အထားများကို ရှာဖွေဖော်ထုတ်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် "မြန်မာအစ တကောင်းက"ဟု ဆိုရိုးရှိခဲ့သော ပျူယဉ်ကျေးမှုဒေသဖြစ်သည့် တကောင်းမြို့ဟောင်း၏ ကုန်းအမှတ်(၂၉)ကို တူးဖော်သုတေသနပြုခဲ့သည်။

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်ရှိ တကောင်းမြို့ဟောင်းကို မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီဘဝ ကျရောက်စဉ်ကပင် အကြိမ်ကြိမ် ကွင်းဆင်းလေ့လာခဲ့ကြပြီးဖြစ်သည်။ ရှေးဟောင်း သုတေသနဦးစီးဌာနအနေဖြင့် ၁၉၆၀-၁၉၆၁ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ကုန်းပေါင်း၃၅ ခု တူးဖော်သုတေသနပြုခဲ့ပြီးဖြစ်သည်။

ယခုတူးဖော်မှု လုပ်ငန်းပြုလုပ်သည့် ကုန်းအမှတ်(၂၉)မှာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပထမအကြိမ် တူးဖော် လေ့လာမှုပြုခဲ့ပြီးဖြစ်သော်လည်း ပြည့်စုံအောင် တူးဖော်လေ့လာခြင်းမျိုးမဟုတ်ဘဲ ကုန်း၏အနားစွန်း တစ်လျှောက်မှ အုတ်ရိုးတန်းများကိုသာ စမ်းသပ်တူးဖော်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ထပ်မံတူးဖော်သုတေသနပြုခြင်းဖြစ်သည်။ ကုန်းအမှတ် (၂၉) အား တူးဖော်တွေ့ရှိမှုများအရ အဆောက်အအုံ၏ အုတ်ရိုးတန်းများ၊ မြေထည်ပစ္စည်းများ၊ အရွယ်အစားစုံ အုတ်ချပ်များ၊ အမိုးအုပ်ကြွပ်ပြားများ၊ ခေါင်အုတ်နှင့် ရေထုတ်မြွှန်များ၊ သပိတ်ကွဲအပိုင်းအစများ၊ ရုပ်ဒိုးပြားများ၊ မြေလောက်စာလုံးနှင့် ပုတီးများ၊ မြေပုတီးစေ့များ၊ ဆီမီးခွက်များ၊ အချယ်အလှယ်ပါသော အိုးခြမ်းကွဲများ၊ မြေအိုး မြေခွက်အမျိုးမျိုး၏ အစိတ်အပိုင်းများ၊ မြေမီးဖုတ်အုတ်ခွက် ဘုရားများ၊ အခြားမြေထည်ပစ္စည်းများ၊ ကလေးကစားစရာ အရုပ်ငယ်များ၊ လိပ်ပုံပါ အိုးနှုတ်ခမ်းစာပါ ရေစင်တော်သွန်းအိုးခြမ်းကွဲ၊ အိုးပြုလုပ်ရာတွင် အသုံးပြုသော မြေထည်ပစ္စည်းများ၊ မြေနားတောင်းများ၊ ကျောက်ဝတ္ထုပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ ကြေးထည်ပစ္စည်းများ၊ စဥ့်ထည်အပိုင်းအစများ၊ အရိုးအပိုင်းအစများ၊ မီးသွေး၊ ပြာများနှင့် ၁၈၈၉ ခုနှစ် အမှတ်အသားပါ အိန္ဒိယရူပီး ဒင်္ဂါးပြားတစ်ပြားတို့ကို သုတေသနပြု တွေ့ရှိရသည်။

ကုန်းအမှတ်(၂၉)သည် တကောင်းရှေးဟောင်းသုတေသန ပြတိုက်၏ အရှေ့ဘက် တကောင်းမြို့ဟောင်း၏ တောင်ဘက်တွင် တည်ရှိပြီး တူးဖော်သုတေသနပြု တွေ့ရှိချက်များကို လေ့လာသုံးသပ်ရာတွင် အုတ်စီ အုတ်ရိုးများ၏ မြောက်အရပ်မှ တိမ်းစောင်းမှု ဒီဂရီ၊ အသုံးပြုခဲ့သည့် အုတ်ချပ်အရွယ်အစား၊ တွေ့ရှိရသော ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများအရ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော သာသနိက အဆောက်အအုံကြီးတစ်ခုအဖြစ်ခန့်မှန်းရသည်။

တကောင်းမြို့ဟောင်းအား တူးဖော်သုတေသနပြု တွေ့ရှိချက်များအရ တကောင်းမြို့ဟောင်းသည် ပျူယဉ်ကျေးမှုထွန်းကားရာ ဗိဿနိုးမြို့ဟောင်းနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း အထောက်အထားများကို တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ တကောင်းမြို့ဟောင်း တူးဖော်မှုမှ မြန်မာ့သမိုင်း အကြိုခေတ် ပျူယဉ်ကျေးမှုနှင့် စပ်လျဉ်း၍ နှိုင်းယှဉ်ဆက်စပ် သုတေသနပြုဖွယ်ရာ အထောက်အထားများကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတရုပ်ရှင်ရုံ၌ 10000 BC ဇာတ်ကားပြသ

ရန်ကုန် ဩဂုတ် ၁၅

ယခုသောကြာပတ် ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားရုံမတင်ဘဲ နိုင်ငံခြားရုပ်ရှင်ကားများသာ ဆက်လက်ပြသသည်။

သမ္မတရုံတွင် ဆင်များကို ဖမ်းဆီးအမဲလိုက်သော တောင်ပေါ်သား ရှေးဟောင်းလူမျိုးစုများ၏ ရွာကိုဝင်ရောက်ကျူးကျော်သော ရန်သူများကို မုဆိုးများက နေရာအနှံ့ လိုက်လံရှာဖွေ တိုက်ခိုက်ပုံကိုဇာတ်လမ်းဆင် ရိုက်ကူးထားသည့် 10000 BC ထူးဆန်းထွေလာ တောတွင်း သဘာဝ ဇာတ်ကြမ်းကား ဆက်လက် ပြသသည်။ တောသဘာဝနှင့် သားကောင်များကိုအမဲလိုက်ဖမ်းဆီးပုံအား အသားပေးရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် အီဂျစ်မင်းသား အိုမာရှရစ်ပါဝင် သရုပ်ဆောင်ထားသည်။သွင်ရုံတွင် အမေရိကန်နိုင်ငံဆန်ဖရန်စစ္စကို၌ အခြေစိုက်သည့် လူဆိုးဂိုဏ်းခေါင်းဆောင်များ မိဘဘိုးဘေး လက်ထက်ကစခဲ့သော ရန်ငြိုးကို အခြေခံပြီး တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နယ် လုကြပုံကို ရိုက်ကူးထားသည့် WAR (Rogue Asassin) ဇာတ်ကြမ်းကားသစ် ပြသသည်။ ယင်းဇာတ်ကားတွင် နာမည်ကြီး ကွန်ဖူးမင်းသား ဂျက်လီနှင့် ဂျက်ဆင်စတက်သန်တို့ တွဲဖက်ပါဝင်သရုပ်ဆောင်ထားကြသည်။

ရွှေ့ဆောင်

ရွှေ့ဆောင်ရုံတွင် သိပ္ပံဆန်းကြယ်ဇာတ်ကား နှစ်သက်သူများအတွက် ဒါရိုက်တာ Louis Leterrier ရိုက်ကူးသည့် The Incredible Hulk ဇာတ်ကားပြသသည်။ ဇာတ်လမ်းမှာ ဂါမာရောင်ခြည် အဆိပ်သင့်မှုကြောင့် ခန္ဓာကိုယ်ထဲမှ ကလာပ်စည်းများ ဖောက်ပြန်ကာ ကြီးမားထွားကျိုင်းသည့် လူသန်ကြီးဘဝသို့ ပြောင်းလဲသွားသော သိပ္ပံပညာရှင်တစ်ဦးအား စစ်ရေးစစ်ရာတွင် သုံးစွဲရန်အတွက် ဖမ်းဆီးလိုသော ရန်သူများလက်မှ ရုန်းကန်တိုက်ခိုက်ရပုံကို ရိုက်ကူးထားသည့် လျှို့ဝှက်သည်းဖို ဇာတ်ကြမ်းကားတစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင်စူပါမင်းကဲ့သို့ ထူးခြားသည့် စွမ်းအင်ရှိသူတစ်ဦးက မကောင်းမှုဒုစရိုက်သမားများကို နှိမ်နင်း၍ လူအများ၏အသက်အား ကယ်တင်ပုံကို ထူးထူးဆန်းဆန်း ရိုက်ကူးထားသည့် Hancock ဇာတ်ဆန်းကား ပြသသည်။ယင်းဇာတ်ကားတွင် နာမည်ကြီး လူမည်းသရုပ်ဆောင် ဝီလ်စမစ် ပါဝင်သရုပ်ဆောင်ထားသည်။

အိန္ဒိယဇာတ်ကား ကြိုက်နှစ်သက်သူများအတွက် မင်္ဂလာရုံတွင် မင်းသားချော ရှရွှတ်ခန်နှင့် မင်းသမီးချော ဒီပီကာပါဒူကိုနီတို့ တွဲဖက်ပါဝင်သရုပ်ဆောင်ထားသည့် Om Shanti Om အချစ်ဇာတ်ကားပြသသည်။ ဇာတ်လမ်းမှာ အချစ်စစ် အချစ်မှန် ပီသပါက ယခုဘဝတွင် မပေါင်းရသော်လည်း နောင်ဘဝတစ်ခုတွင် ပြန်လည်ဆုံတွေ့ ပေါင်းဖက်နိုင်ပုံကို ဒါရိုက်တာက သရုပ်ဆောင်များစွာနှင့် ရိုက်ကူးထားသည့် အိန္ဒိယ ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

(ကြေးမုံ)



နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံတွင် တင်ဆက်ပြသသည့် HANCOCK ဇာတ်ကားမှ နာမည်ကြီး လူမည်းသရုပ်ဆောင် ဝီလ်စမစ်၏ ထူးခြားစွာ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ဝါခေါင်လနှင့် မေတ္တာသုတ်

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

"မရန်းချိပ်ရောင်၊ မိုးမှောင်ဝေလျှံ၊ မိုးသံခြိမ့်ခြိမ့်၊
သုံးသိန့်စက်နေ၊ ရွှေသိဟ်ရာသီ၊
ခါမှီဆန်းစ၊ လွမ်းလှလေ. . . " ဟူ၍ ဦးယာ၏ တစ်ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင် သိဟ်ရာသီ ဝါခေါင်လဘွဲ့ကို လွမ်းဆွတ်သာမောဖွယ် သရုပ်ဖော်ခဲ့ပါသည်။ "ဝါခေါင်လ"အမည်ကို ပုဂံခေတ် သိယ်သူ့သမီးရေးထိုးသော အာမနာကျောင်းကျောက်စာ၌ **"နံကာလ"**ဟု တွေ့ရပါသည်။

"နံကာ"-ဟူသောစကားမှာ တိဗက်စကားနှင့်ယှဉ်၍ **နံ**-သည် အချိန်အခါ၊ **ကာ**-သည် စိုက်ပျိုးထွန်ယက်၊ လယ်လုပ်။ ထို့ကြောင့် နံကာလဟူသည် စိုက်ပျိုးသောအချိန်ကာလ (လယ်လုပ်ချိန်)ဟု အဓိပ္ပာယ်ရပါသည်။

ဝါခေါင်လသည် မိုးဥတုဖြစ်၍ မြစ်၊ ချောင်း၊ အင်းအိုင်တို့ဝယ် ရေများ ပြည့်လျှမ်းနေတတ်သည်။ ထန်းသီးများမှည့်ကာ ရာသီပန်းဖြစ်သော ခတ္တာပန်းများလည်း ထုံသင်းစွာ ပွင့်လန်းတတ်ကြသည်။ ဤအကြောင်းကို လှိုင်မင်းသားဆရာ၊ ဉာဏ်ဝန်ကြီး ဦးဖြေ၏ ရာသီဘွဲ့ လေးချိုးကြီးများတွင်. . .

"ရေဘောင်ငယ်ပြည့်လျှမ်း၊ သောင်းတင်းကျမ်းနှင့်
မှည့်ထန်းရွှေညှာ၊ ပင်ခတ္တာလည်း၊
ချပ်လွှာသင်းထုံ၊ ညွန့်သစ်ရုံလို့ . . . "စသည်ဖြင့်ရေးဖွဲ့ခဲ့ပါသည်။

ထို့ပြင် မဟာအတုလမင်းကြီးဆို ဆယ့်နှစ်ရာသီဘွဲ့ လွမ်းချင်း၌ ဝါခေါင်လဘွဲ့ကို. . .

"မျှော်ယောင်သာ ပန်းတော့တယ်၊ သောင်ကမ်းငယ်ပြည့်လျှံ
နဒီငယ်ခြံသည်. . . " ဟူ၍ လည်းကောင်း၊
"ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊
တောင်များထွတ်စွန်၊ သရဝဏ်လည်း၊ ရောင်ဝှန်တေဇာ
ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ ရွှေပြည်သူတို့
လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည့်ချိန်ကို. . . "

ဟုလည်းကောင်း ဝါခေါင်လတွင် မြစ်နဒီသောင်ကမ်းတို့၌ ရေများပြည့်လျှံနေပုံ၊ ခတ္တာပန်းများပွင့်လန်းပုံ၊ ရာသီပွဲအဖြစ် စာရေးတံပွဲများ ကျင်းပလေ့ရှိပုံများကို ဖော်ကျူးဖွဲ့သီခဲ့ပေသည်။

ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အတွင်း ဝါတွင်းသုံးလတွင် ဝါခေါင်လသည် သံဃာတော်များ ဒုတိယဝါကပ်ချိန် ဖြစ်ပါသည်။

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်တို့က အသိအမှတ် ပြုထားကြပေသည်။ ဤသို့သိမှတ်ထားကြသည်မှာ မေတ္တာသုတ်ဖြစ်ပေါ်လာပုံနှင့် ဆက်စပ်မှုရှိနေပါသည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ငါးရာသော ရဟန်းတော်တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို တောင်းခံဆောင်ယူပြီး တောအုပ်အတွင်း၌ ဝါဆိုဝါကပ် ပြုတော်မူကြပါသည်။ ထိုအခါ တောအုပ်အတွင်းရှိ နတ်၊ ရုက္ခစိုးတို့မှာ ရဟန်းတော်တို့၏ သီလရှိန်စော်အာနုဘော်ကြောင့် ဆောက်တည်ရာမရှိ ပကတိနေရာမှ ဖယ်ရှားကြရလေသည်။ ဤတွင် ရုက္ခစိုးနတ်တို့က အမျိုးမျိုးသော နည်းဖြင့် ခြောက်လှန့်နှောင့်ယှက်ကြတော့သည်။ ကြောက်မက်ဖွယ် အဆင်း၊ ရုန့်ရင်းကြမ်းတမ်းသော အသံ၊ အပုပ်နံ့၊ အညှီနံ့တို့ဖြင့် ထိတ်လန့်ဖွယ် ဘယာနကစုံဖြင့် ရဟန်းတို့အား မနေနိုင်အောင် ခြောက်လှန့်နှောင့်ယှက်ကြသည်။

ရဟန်းတော်တို့သည် ကျင့်ကြံရှုမှတ်ဆဲ တရားတော်တို့ကို ဖြောင့်ဖြောင့်နှလုံးမသွင်းနိုင်ဘဲ စိတ်ဓာတ်များ ချောက်ချားကြရသည်။ ကိုယ်စိတ်နှစ်ပါး နွမ်းနယ်ညှိုးချုံးပင်ပန်းကြပြီး ပဋ္ဌာန်းတရားနှင့် အလှမ်းဝေးကြရလေတော့၏။ တရားကျင့်နိုင်စွမ်းလည်းမရှိသည့်ပြင် ဆွမ်းဘုဉ်းပေး၍လည်းမဝင်၊ ကျိန်းစက်သော်လည်း မပျော်နိုင်၊ ညှိုးလျော်ပိန်ချုံး၊ စိတ်နှလုံး မသာယာ ဖြစ်ကြကုန်သည်။

ဤသို့ဖြင့် ဝါတွင်းကာလ ဝါကပ်ဝါဆိုပြုရင်းပင် ဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ခိုဝင်ချဉ်းကပ်ရတော့သည်။ မြတ်စွာဘုရားရှင်က ကြောင်းရင်းစုံလင် ကြားမြင်သိတော်မူသောအခါတွင် ရဟန်းတို့အား မေတ္တာသုတ်တော်ကို ဟောဖော်ညွှန်ပြတော်မူလေသည်။ ထိုစွမ်းအားထက်မြက်သော မေတ္တာလက်နက်ကို ဆောင်စေ၍ တောအုပ်သို့ ပြန်ကြွသီတင်းသုံးကြရန် မှာကြားတော်မူပါသည်။

ရဟန်းတို့လည်း ဘုရားရှင်မိန့်တော်မူသည့်အတိုင်း တောအုပ်သို့ ပြန်ကြွကြသည်။ မေတ္တာစီးဖြန်းလျက် တရားကို ဆက်လက်အားထုတ်ကြသည်။ ရဟန်းတော်တို့၏ မေတ္တာဓာတ်ကြောင့် နတ်များက ချစ်ခင်ကြကာ နှောင့်ယှက်ခြင်းမပြုကြတော့။ ရဟန်းတို့သည် ဘေးရန်မသန်း၊ ကြည်လင်အေးချမ်းစွာ တရားအားထုတ်နိုင်ကြတော့သည်။

ရဟန်းတော်ငါးရာသည် ထိုတောအုပ်အတွင်းမှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြသည်။ မေတ္တာတရားပွားများ၍ ဝိပဿနာဘာဝနာ ဆက်လက်အားထုတ်ကြသည်။ ဝါမကျွတ်မီကာလအတွင်း ရဟန္တာများ ဖြစ်တော်မူကြပါသည်။ ဘုရားရှင်သည် မေတ္တာသုတ်ဒေသနာကို ရဟန်းငါးရာတို့အား အကြောင်းပြု၍ ဝါတွင်းကာလဝါခေါင်လ၌ ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ ရဟန်းတော်တို့သည် တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခဲ့ကြပါသည်။ ဖော်ပြပါအကြောင်းများကိုထောက်၍ ဗုဒ္ဓဘာသာဝင်တို့က ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် အသိအမှတ်ပြုကြခြင်းဖြစ်သည်။

မေတ္တာသည် ဗြဟ္မဝိဟာရလေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပေ၏။ မေတ္တာကို အဒေါသ၏ ပရိယာယ်အဖြစ် ပိဋကတ်ကျမ်းဂန်တို့၌ ဟောကြားထားပေသည်။ မေတ္တာ၏အဝေးရန်သူမှာ ဒေါသဖြစ်သည်။ တဏှာလောဘသည်ကား မေတ္တာ၏ အနီးရန်သူဖြစ်ပါသည်။ တဏှာရာဂသည် မေတ္တာဟန်ဆောင်လျက် သတ္တဝါတို့အား လှည့်စားတတ်ချေသည်။ တဏှာသည် နောက်ကျူပူလောင်သည်။ မေတ္တာဓာတ်မှာ သီတာရေပမာ၊ လရောင်ပမာ အေးမြကြည်လင်၍ ငြိမ်းချမ်းလှပါသည်။

မေတ္တာသည် ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖက်သူက ကြမ်းတမ်းသလောက် မေတ္တာဖက်သူက သိမ်မွေ့လှပေသည်။ မေတ္တာသက်လုံ ပျက်သူသည် ဒေါသအမြုပ်ထွက်လွယ်ပြီး စိတ်ဆိုးတတ်သဖြင့် ခန္တီဝန်ကို မနိုင်ဖြစ်တတ်သည်ဟု ရာဇဂုရု တတိယမောင်းထောင်ဆရာတော်ကြီးက ဆုံးမခဲ့ဖူးကြောင်းလည်း မှတ်သားသိရှိရပါသည်။

အရိုးရှင်းဆုံးဆိုရပါလျှင် **မေတ္တာဟူသည် တစ်ဦးနှင့်တစ်ဦး အပြစ်မမြင် ချစ်ခင်သောစိတ် ဖြစ်ပါသည်။ အကောင်းမြင်စိတ်သက်သက်ဖြင့် ဣဿာမစ္ဆရိယစိတ်ကင်းလျက် မေတ္တာစိတ်နှင့်အတူ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်များဖြင့် ဆက်ဆံသင့်ကြသည်။ ဒေါသစိတ်ဦးမစီးဘဲ အေးမြကြည်လင်သော မေတ္တာစိတ်များဖြင့် ပေါင်းသင်းဆက်ဆံကြ၍ လောကကို ငြိမ်းချမ်းသော အလှပန်းများဖြင့် မွှေးထုံသင်းပျံ့နိုင်စေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသတည်း။ ။**

မေတ္တာဟူသည် တစ်ဦးနှင့်တစ်ဦး အပြစ်မမြင် ချစ်ခင်သောစိတ် ဖြစ်ပါသည်။ အကောင်းမြင်စိတ်သက်သက်ဖြင့် ဣဿာမစ္ဆရိယစိတ်ကင်းလျက် မေတ္တာစိတ်နှင့်အတူ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်များဖြင့် ဆက်ဆံသင့်ကြသည်။

မေတ္တာဓာတ်နဲ့ မြတ်ဗုဒ္ဓါ

➢ ရှေးသရောကာလ　ဟိမဝန္တာ
တောင်သေလာဝယ်　သံဃာငါးရာ
ဟေမဝါဆီ　မြိုင်ရပ်မှီ၍
ဖြစ်တည်ပျက်ပြန်　လောကစံသဘော
စောကြောကိုယ်မှာ　တရားရှာစဉ်
ဝနာတောတွင်း　မှီတင်းမှီခို
နဂိုရှိရင်း　နတ်ခပင်းသို့
မပို့မသ　မမျှမေတ္တာ
မပါချစ်ခြင်း　မေ့လျော့ခြင်းကြောင့်
ရှန်းရင်းပြုစု　ပြုမူခြောက်လှန့်
ထိတ်လန့်စေမှု　စဉ်မြဲပြုသော်
သူတော်ရဟန်းများ
တရားရှာရန် ခက်ခဲပြန်။

➢ ရှာဖို့တရား　မဆိုထားဘိ
နေနားသွားလာ　အရာရာပင်
မကြည်လင်၍　ဘုန်းရှင်မြတ်စွာ
ရှိရာဌာန　ပြန်ကြွလျှောက်တင်
သည်ဖြစ်အင်ကြောင့်　ရှင်တော်ဗုဒ္ဓ
မေတ္တရွှေသုတ်　ဟောနှုတ်ညွှန်ပြ
ဓမ္မဒေသနာ　ပေးသည့်ခါမှ
မေတ္တာရောင်ပြန်　ပြန်လှန်ရိုက်ခတ်
နတ်တို့ချစ်ခင်　ကြည်လင်မြတ်လေး
ဘေးမသန်းအောင်　ကူညီဆောင်သော်
သံဃာတော်တို့　မျှော်လင့်ကြိုးကုတ်
အားထုတ်ခါခါ
ရဟန္တာကိုယ်စီဖြစ်ခဲ့ပြီ။

➢ ဗုဒ္ဓမြတ်စွာ　ဘဂဝါ၏
မေတ္တာလက်နက်　အစွမ်းထက်လှ
တစ်ဖက်ရန်သူ　ကိုယ့်ရန်မူလည်း
ပြုစုမရှိ　ပကတိသာ
စိတ်မှာချစ်ခင်　ပြစ်မျိုးစင်၍
အင်္ဂုလိမာလ　စိဥ္စမာနနှင့်
ဗကဗြဟ္မာ　နာဠာဂီရိ
မည်ရှိပြင်းထန်　နန္ဒောပနန္ဒာ
အာဠာဝက　သစ္စကပရိဗိုဇ်
မိုက်လှသနင်း　မာန်နတ်မင်းစစ်
ရှစ်ဦးတို့အား　သနားကြင်နာ
ကရုဏာဖြင့်　ခါခါအောင်ပွဲ
ကြိမ်ကြိမ်နွှဲကာ
မေတ္တာဓာတ်နဲ့မြတ်ဗုဒ္ဓါ။

ဖိုးရန်နိုင် (ကျောက်ကြီး)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာနေ ဦးသိန်းအား ရည်စူး၍ ဒေါ်ကြည်ကြည်၏ (၈၂) နှစ်ပြည့်မွေးနေ့အဖြစ် ဒေါ်ကြည်ကြည်နှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

၂၀၀၈ ခုနှစ် မိုးရာသီ သီးနှံချေးငွေများ ရာနှုန်းပြည့်ချေးပေးပြီး

တောင်ကြီး ဩဂုတ် ၁၅

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှမ်းပြည်နယ် ဘဏ်ခွဲ(၁)နှင့် လက်အောက်ခံဘဏ်ခွဲငါးခုသည် ရှမ်းပြည်နယ် (တောင်ပိုင်း)မြို့နယ် ၁၄ မြို့နယ်အတွင်း ကျေးရွာ ၁၂၉ ရွာရှိ တောင်သူလယ်သမား ၁၂၀၈၀ တို့၏ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံများဖြစ်သည့် မိုးစပါး၊ မြေပဲ၊ အစေ့ ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲစဉ်းငုံစသည့် သီးနှံ(၅)မျိုး ဧကပေါင်း ၈၃၄၉၇အတွက် ချေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၆၀၅၀ ဒသမ ၉၂ ကို ၂၀၀၈ ခုနှစ် ဇူလိုင်လအပြီး ပြည်နယ်မန်နေဂျာ ဦးမြမောင်နှင့် မြို့နယ်မန်နေဂျာများ၊ ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်များအလိုက် ထုတ်ချေးပြီးစီးခဲ့ကြောင်းနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးရာသီချေးငွေများကိုလည်း အပြည့်အဝ ပြန်လည်ကောက်ခံနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မုန်တိုင်းသင့် ပြည်သူများအတွက် ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံမှ ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

မုန်တိုင်းသင့်ပြည်သူများအတွက် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံမှ ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ၊ အလှူရှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံမှ သံအမတ်ကြီး H.E. Mr. Turki Bin Naji Abdul Kadir Al Ali နှင့်ဇနီး၊ ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ Mr. Mohammed Al Hamad နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်ပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အလှူပစ္စည်းများ လက်ခံဖြန့်ဖြူးရေးဌာနသို့ သွားရောက်၍ ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံမှ လှူဒါန်းသောပစ္စည်းများကို ကြည့်ရှုကြသည်။

ယင်းနောက် ဆီဒိုးနားဟိုတယ် ဧည့်ခန်းမ၌ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ၏ ပစ္စည်းများ လှူဒါန်းခြင်းဆိုင်ရာ စာရွက်စာတမ်းများ ပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လေဘေးသင့် ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံမှ သံအမတ်ကြီး H.E. Mr. Turki Bin Naji Abdul Kadir Al Ali နှင့် ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ Mr. Mohammed Al Hamad တို့က လှူဒါန်းရခြင်းအကြောင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံမှ သံအမတ်ကြီး H.E. Mr. Turki Bin Naji Abdul Kadir Al Ali က ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံမှလှူဒါန်းသောပစ္စည်းများ စာရင်းကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံမှ သံအမတ်ကြီးက တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ယနေ့အထိ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံမှ လှူဒါန်းသောပစ္စည်းများမှာ မိုးကာတဲအလိပ် ၈၀၀၀၊ စားသောက်ကုန်မျိုးစုံ ပါကင် ၁၄၅၀၀၊ စောင် ၃၇၄၉ ဖာ၊ ပိုးသတ်ဆေးရည် ၇၆ ဖာ၊ ပိုးသတ်ဆေးပုံး ၁၂၁၁ ပုံး၊ ဆန် ၁၉၉၆၂ အိတ်၊ မိုး ကာစ ၃၃၇၅ ထုပ်၊ မီးစက် မျိုးစုံ ၁၁၀၊လင်ခရူဇာပစ်ကပ် ၁၀စီး၊ Loader ငါးစီး၊ ကားဘက်ထရီ ၂၄ လုံး၊ ဆေးရည်စုပ်ပန့် ၈၀၊ ဆေးဖျန်းစက် ၁၈ လုံး၊ ဆေးထည့်သံပုံး ၁၈ပုံး၊ ဆေးဖျန်းပိုက်မျိုးစုံ ၉၁ ဖာ၊ ဆေးဖျန်းပိုက်တံ နှစ်ဖာ၊ လူနာတင်ယာဉ် ၁၀စီး၊ ဆေးဖျန်းကိရိယာ ၁၆ခု၊ မိုးကာစ ၁၂၈ ထုပ်တို့ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံမှ သံအမတ်ကြီး H.E.Mr. Turki Bin Naji Abdul Kadir Al Ali ထံ ဆော်ဒီအာရေဗျဘုရင့် နိုင်ငံမှ လှူဒါန်းသော ပစ္စည်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

❁ နိုင်ငံတော်အစိုးရမှ

နိုင်ငံအနှံ့အပြား ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး တက်ညီလက်ညီ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာ၌ တည်ဆောက်လျက်ရှိသော ရင်းငြိမ်တိုက်နယ် ဆေးရုံဆောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆေးရုံ ဆောက်လုပ်မှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းငြိမ်တိုက်နယ် ဆေးရုံသည် အမြင့် ၁၀ ပေ၊ အလျား ၁၂၇ ပေ၊ အနံ ပေ ၁၀၀၊ RCC တစ်ထပ် တိုက်ဖြစ်ပြီး ဧရိယာ သုံးဧကကျယ်ဝန်းကာ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ၌ ကျင်းပသည့် မိုးစပါး အဆင့်မြင့်နည်းပညာ စံပြကွက် ခာတ်မြေဩဇာနှင့်သဘာဝ မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သထုံမြို့နယ်မန်နေဂျာ ဦးတိုးလှိုင်က ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စံပြစိုက်ဧက ၂၀၀ စိုက်ပျိုးသည့် မြေနေရာပြ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးက မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး တိုးတက်မှုအတွက် အလွန်အရေးပါကြောင်း၊ ကျေးလက်နေ ပြည်သူအများစုမှာလည်း လယ်ယာကို အများစုလုပ်ကိုင်ကြ၍ လယ်ယာစီးပွားကောင်းမွန်ရေး၊ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် စပါးအထွက်နှုန်း တိုးအောင်စိုက်ပျိုးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တောင်သူ ဒေါ်မေဝင်း၏ အဆင့်မြင့်နည်းပညာ စံပြစိုက်ကွက် (ရွှေဘို-၁)တွင် ခာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ကြဲပက်နေမှုနှင့် အောင်မြင် ဖြစ်ထွန်းလျက်ရှိသော မိုးစပါး အဆင့်မြင့်နည်းပညာ စံပြစိုက်ကွက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ကျိုက်ထိုတပ်နယ်ခန်းမ၌ တပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံပြီး ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက်ရှိ ကျိုက်ပေါလော မွဲ့ရှင်စေတီတော်သို့ သွားရောက် ဖူးမြော် ကြည်ညိုကာ ကျိုက်ပေါလော မွဲ့ရှင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြင်းခြံမြို့နယ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဩဂုတ် ၁၅

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ မြင်းခြံမြို့နယ် မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ပါ၍ ဝတ္ထု၊ စာညွှန့်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများကို မဂ္ဂဇင်း ကော်မတီတည်ရှိရာ အမှတ် (၁၅၀)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားသည်။

စာမူရှင်များအနေဖြင့် မိမိတို့၏ နေရပ်လိပ်စာအပြည့်အစုံ၊ ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်းနှင့် တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ဖော်ပြခြင်း မခံရဖူးသေးသော စာမူဖြစ်ကြောင်း ဝန်ခံချက် ပါရှိရမည်။ ဆောင်းပါးများတွင် လိုအပ်သော အထောက်အထား ခာတ်ပုံများ ပါရှိရမည် ဖြစ်သည်။ ကြော်ငြာ ထည့်သွင်းလိုသူများလည်း မဂ္ဂဇင်းကော်မတီသို့ ဆက်သွယ်ထည့်သွင်းနိုင်သည်။

အသေးစိတ် သိရှိလိုပါက ဒုတိယဗိုလ်မှူးကြီး ကျော်ရင်(ငြိမ်း) ဖုန်း-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉၊ ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နေပြည်တော် တပ်ကုန်း ကင်းသာ(၂)၌ တည်ထားကိုးကွယ်တော်မူသော "ရန်မျိုးအောင်ကင်း" ကိုးနဝင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ရွှေဟင်္သာတောင်တော် ရွှေဟင်္သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တပညာဝံသ ဦးဆောင်မှုဖြင့် ကင်းသာ(၂) အကျဉ်းဦးစီးဌာနမှ ထောင်ပိုင်ကြီး ဦးစိန်မောင်ဝင်းနှင့် ဇနီး ဒေါ်သန်းမြတို့ ရွှေထီးတော် တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၀၈ (စနေနေ့)

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

